## Regional Comprehensive Economic Partnership–RCEP သဘောတူစာချုပ် ဆိုင်ရာ အချက်အလက်များ

၁။ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership–RCEP) သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာလ ၁၅ ရက်နေ့၌ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်မှု မိတ်ဖက်နိုင်ငံ ၅ နိုင်ငံဖြစ်သည့် ဩစတြေးလျ ၊ တရုတ် ၊ ဂျပန် ၊ ကိုရီးယား နှင့် နယူးဇီလန် နိုင်ငံတို့က လက်မှတ်ရေးထိုးခဲ့ပါသည်။

၂။ RCEP သဘောတူစာချုပ်အရ အောက်ဖော်ပြပါ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည် ဖြစ်ပြီး၊ ဈေးကွက်ရရှိခြင်း၊ SME များ၏ ပို့ကုန်တင်ပို့မှု တိုးတက်လာခြင်း၊ ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုကွင်းဆက်(Global Value Chains–GVCs)သို့ ဝင်ရောက်နိုင်ခြင်း ၊ လုပ်သားငှားရမ်းမှု မြင့်တက် လာခြင်း ၊ နည်းပညာပူးပေါင်းဆောင်ရွက်နိုင်ခြင်း နှင့် ထုတ်ကုန်များ ယှဉ်ပြိုင်နိုင်မှု မြင့်မားလာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည် –

(က) e–commerce

(ခ) အသိပညာပစ္စည်းမူပိုင်ခွင့်

(ဂ) ဈေးကွက်ချဲ့ထွင်ခြင်း

(ဃ) ဆန်းသစ်တီထွင်မှု

၃။ RCEP သဘောတူစာချုပ် တွင် အခန်း(၂၀) ခန်းပါဝင်ပြီး ၊ အခန်း(၁၄) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအခန်းကဏ္ဍတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန မှ Focal Department အဖြစ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံနှင့်အဖွဲ့ဝင်နိုင်ငံများအကြား တစ်နိုင်ငံချင်းစီအလိုက် RCEP သဘောတူစာချုပ် အသက်ဝင်သည့် နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| **စဉ်** | **နိုင်ငံ** | **သဘောတူစာချုပ်အသက်ဝင်သည့်နေ့** |
|---|---|---|
| (က) | ကမ္ဘောဒီးယား နှင့် ထိုင်းနိုင်ငံ | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ |
| (ခ) | ဘရူနိုင်း၊လာအို နှင့် စင်ကာပူနိုင်ငံ | ၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့ |
| (ဂ) | မလေးရှားနိုင်ငံ | ၂၀၂၂ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့ |
| (ဃ) | အင်ဒိုနီးရှားနိုင်ငံ | ၂၀၂၃ ခုနှစ်၊ဇန်နဝါရီလ ၂ ရက်နေ့ |
| (င) | တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၂၀၂၂ ခုနှစ်၊ မေလ ၁ ရက်နေ့ |
| (စ) | ဗီယက်နမ်နိုင်ငံ | ၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့ |